**ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့ဖွဲ့စည်းပုံ ပြောင်းလဲခြင်း**

ဖတ်(စ်)မြန်မာအင်ဖက်(စ်)မဲ့(န်) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီလီမိတက် ("**ကုမ္ပဏီ**") နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီခွဲများ စုပေါင်း၍ ("**ကုမ္ပဏီအုပ်စု**") သည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ၊ ၅ ရက်နေ့မှ စတင်အကျိုးသက်ရောက်မည့် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဖွဲ့စည်းမှုပြောင်းလဲခြင်းအား အစုရှယ်ယာရှင်များထံသို့ အောက်ပါအတိုင်း အသိပေး ကြေငြာအပ်ပါသည်။

**ဦးသိမ်းဝေ အမှုဆောင်ဥက္ကဋ္ဌရာထူးမှ အနားယူခြင်း**

ဦးသိမ်းဝေ သည် ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ၊ ၁၂ ရက်မှ စတင်ကာ ကုမ္ပဏီ၏ အမှုဆောင် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခု ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ၊ ၅ ရက်နေ့မှ စတင်၍ ကုမ္ပဏီ၏ ခေါင်းဆောင်ဆက်ခံဆောင်ရွက်မှု အစီအစဉ်များအရ ဒါရိုက်တာအဖြစ်မှ အနားယူခဲ့ပါသည်။ ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့မှ ဦးသိမ်းဝေ၏ နှစ်ပေါင်း နှစ်ဆယ်ကျော်ကြာ ကုမ္ပဏီ၏ အမှုဆောင် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့မှုများအတွက် အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

**MR. JAIME ALFONSO ANTONIO EDER ZOBEL DE AYALA နှင့် MR. ALBERTO MACAPINLAC DE LARRAZABAL တို့ အလှည့်ကျဒါရိုက်တာများအဖြစ်မှ အနားယူခြင်း**

Mr. Jaime Alfonso Antonio Eder Zobel de Ayala သည် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၂၇ ရက်မှ စတင်ကာ ကုမ္ပဏီ၏ အမှုဆောင် မဟုတ်သော ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ယခု ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ၊ ၅ ရက်နေ့ မှ စတင်၍ Ayala Corporation တွင် လုပ်ငန်းတာဝန်အသစ်များကို တာဝန်ယူရန်အတွက် ဒါရိုက်တာအဖြစ်မှ အနားယူခဲ့ပါသည်။ အဆိုပါအနားယူမှု နှင့်အတူ ၎င်း၏ကိုယ်စား အလှည့်ကျဒါရိုက်တာအဖြစ် တာဝန်ယူထားသည့် Mr. Alberto Macapinlac de Larrazabal သည်လည်း ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ၊ ၅ရက်မှ စတင်၍ တာဝန်မှ အနားယူခဲ့ပါသည်။ Mr. Jaime Alfonso Antonio Eder Zobel de Ayala နှင့် Mr. Alberto Macapinlac de Larrazabal တို့အား ဒါရိုက်တာအဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော အချိန်ကာလများအတွင်း ဆောင်ရွက်ချက်များအတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ဒါရိုက်တာအဖွဲ့မှ မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

**လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အမှုဆောင်အရာရှိချုပ်ဖြစ်သော ဦးထွန်းထွန်းကို အမှုဆောင်အရာရှိချုပ်အဖြစ် ခန့်အပ်ခြင်း**

ယခုလက်ရှိတွင် ကုမ္ပဏီ၏ အမှုဆောင် ဒါရိုက်တာ နှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အမှုဆောင်အရာရှိချုပ် အဖြစ် တာဝန်ထမ်းဆောင်နေသော ဦးထွန်းထွန်းကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ၊ ၅ ရက်နေ့မှ စတင်ကာ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အမှုဆောင်အရာရှိချုပ်မှ အမှုဆောင်အရာရှိချုပ်အဖြစ် ပြောင်းလဲခန့်အပ်သွားမည် ဖြစ်ပါသည်။ အဆိုပါရာထူးပြောင်းလဲ ခန့်အပ်ခြင်းအပြီးတွင် ဦးထွန်းထွန်းသည် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများအတွက် အဓိက တာဝန်ယူဆောင်ရွက် မည်ဖြစ်ပြီး၊ နေ့စဉ်လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ဆက်လက်စီမံခန့်ခွဲရန် နှင့် ကုမ္ပဏီ၏ စီးပွားရေး ကဏ္ဍတစ်ခုချင်းစီ၏ စီမံခန့်ခွဲသူများနှင့်အတူ ကုမ္ပဏီအုပ်စုအဆင့် စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များကို ပူးပေါင်းဆောင်ရွက် တာဝန်ယူသွားမည် ဖြစ်ပါသည်။

အထက်ပါအတိုင်း ပြောင်းလဲမှုအပြီးတွင် ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့သည် အောက်ပါအတိုင်း တာဝန်ထမ်းဆောင်ကြမည် ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

| | |
|---|---|
| ဦးထွန်းထွန်း | အမှုဆောင်အရာရှိချုပ် နှင့် အမှုဆောင်ဒါရိုက်တာ |
| ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက် | လွတ်လပ်သည့် အမှုဆောင်မဟုတ်သော ဒါရိုက်တာ |
| ဦးသန်းအောင် | အမှုဆောင်မဟုတ်သော ဒါရိုက်တာ |
| ဦးကြည်အေး | အမှုဆောင်မဟုတ်သော ဒါရိုက်တာ |
| ဦးလင်းမြိုင် | အမှုဆောင်မဟုတ်သော ဒါရိုက်တာ |

ဒါရိုက်တာကော်မတီ၏ ဖွဲ့စည်းမှုမှာ အောက်ပါအတိုင်းပြောင်းလဲမှုမရှိပါ။

**စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုကော်မတီ**

| | |
|---|---|
| ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက် | ဥက္ကဋ္ဌ၊ လွတ်လပ်သည့် အမှုဆောင်မဟုတ်သော ဒါရိုက်တာ |
| ဦးကြည်အေး | အဖွဲ့ဝင်၊ အမှုဆောင်မဟုတ်သော ဒါရိုက်တာ |
| ဦးသန်းအောင် | အဖွဲ့ဝင်၊ အမှုဆောင်မဟုတ်သော ဒါရိုက်တာ |

**အမည်စာရင်းတင်သွင်းရေးကော်မတီ**

| | |
|---|---|
| ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက် | ဥက္ကဋ္ဌ၊ လွတ်လပ်သည့် အမှုဆောင်မဟုတ်သော ဒါရိုက်တာ |
| ဦးသန်းအောင် | အဖွဲ့ဝင်၊ အမှုဆောင်မဟုတ်သော ဒါရိုက်တာ |
| ဦးလင်းမြိုင် | အဖွဲ့ဝင်၊ အမှုဆောင်မဟုတ်သော ဒါရိုက်တာ |

**လုပ်အားခ နှင့် ချီးမြှင့်ငွေသတ်မှတ်ရေးကော်မတီ**

| | |
|---|---|
| ဦးကြည်အေး | ဥက္ကဋ္ဌ၊ အမှုဆောင်မဟုတ်သော ဒါရိုက်တာ |
| ဦးသန်းအောင် | အဖွဲ့ဝင်၊ အမှုဆောင်မဟုတ်သော ဒါရိုက်တာ |
| ဦးလင်းမြိုင် | အဖွဲ့ဝင်၊ အမှုဆောင်မဟုတ်သော ဒါရိုက်တာ |

**ဒါရိုက်တာအဖွဲ့၏ အမိန့်အရ**

ထွန်းထွန်း
အမှုဆောင်အရာရှိချုပ် နှင့် အမှုဆောင်ဒါရိုက်တာ
၂၀၂၄ခုနှစ်၊ စက်တင်ဘာလ၊ ၆ ရက်

**First Myanmar Investment Public Company Limited**
YSX Code 00001
The Campus, 1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766
www.fmi.com.mm